## မိစ္ဆာဒိဋ္ဌိကြီး (၃) မျိုး

(၁) နတ္ထိကဒိဋ္ဌိ = ကံ ကျိုး ကို လက်မခံသောအယူ။

ဥစ္ဆေဒအယူ လည်းဖြစ်၏၊

ပေးလှူတာ အကျိုးမရှိ၊ အကြီးအကျယ်ပေးလှူတာ အကျိုးမရှိ၊ သာမန်အလှူပေးတာ အကျိုးမရှိ၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုး ရင်း၊ အကျိုးဆက်သည် မရှိ၊ အမေသည် မရှိ၊ အဖေသည် မရှိ၊ ဣဓလောကသည် မရှိ၊ အခြားလောကသည် မရှိ၊ နတ်ပြဟ္မာ၊ ငရဲ၊ ပြိတ္တာ အသူရကာတို့သည် မရှိ၊ ကောင်းမွန် မြောင့်မှန်စွာ သွားကြသည့် ကျင့်ကြသည့် ရဟန်း သူမြတ်တို့သည် လောက၌ မရှိကြ။

(၂) အဟေတုကဒိဋ္ဌိ = အကြောင်းတရား အကျိုး ပါ လက်မခံသောအယူ

(၃) အကိရိယဒိဋ္ဌိ = ကောင်းမှု မကောင်းမှု ပြုသော်လည်း ပြုရာမရောက်-ဟု အကြောင်းကံကို လက်မခံသောအယူ

ဤဒိဋ္ဌိ(၃)မျိုးလုံးပင် ကံ ကံ၏အကျိုးကို လက်မခံ-ဟု မှတ်ပါ။

မိစ္ဆာဒိဋ္ဌိ (၆၂) မျိုးဖြစ်ရာတွင် ဤဒိဋ္ဌိ(၃)မျိုးသာ ကမ္မပထမြောက်၏၊ အကျိုးပေး၏၊ ကျန်သောဒိဋ္ဌိများသည် သာမန်ဒိဋ္ဌိသာ ဖြစ်၏။

ဤဒိဋ္ဌိ(၃)မျိုးကို ယူသည်၏ အခြားမဲ့ ငရဲမှာ အကျိုးပေးမြဲသောကြောင့် နိယတမိစ္ဆာဒိဋ္ဌိ-ခေါ်၏။

### မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း တရားလေးပါး

(၁) အမှတ်သညာ မှောက်ပြန်ခြင်း

(၂) မမှန်မကန် နှလုံးသွင်းခြင်း

(၃) သူယုတ်မာကို ပေါင်းခြင်း

(၄) သူယုတ်မာတို့၏ တရားနာခြင်း (ဖြို၊ ဦး၊ မ၊ ၁၄၇)

## ဒိဋ္ဌိဖြစ်ကြောင်း (၈) ပါး

(၁) ခန္ဓာငါးပါးကို အကြောင်းပြု၍ ဒိဋ္ဌိဖြစ်ခြင်း။

(၂) အဝိဇ္ဇာကို အကြောင်းပြု၍ ဒိဋ္ဌိဖြစ်ခြင်း။

(၃) ဖဿ (၄) သညာ (၅) ဝိတက် (၆) အယောနိသော မနသိကာရ

(၇) မကောင်းသော မိတ်ဆွေ

(၈) မှားနေသောတရားကို နာယူမိ သင်ကြားမိ ဖတ်မိခြင်း

(ပဋိသမ္ဘိဒါမဂ္ဂ၊ ၁၃၂)